"United in Love and Service"

# The Burmese Catholic Community of Western Australia Inc.

အနောက်ဩစတြေးလျ မြန်မာကက်သိုလိစ်မိသားစု

သတင်းစာစောင်

September 06, 2026

**Place of Worship (BCC မြန်မာမစ္စားတော်မြတ်ကျင်းပရာဘုရားကျောင်း)**

**Santa Clare Church**
**91 Coolgardie Street**
**St James (Bentley)**
**WA 6102**

## Chaplain Team Directory

Rev. Fr. Ossie Lewis
(BCC Founder / Spiritual Director)
Ph. 0439 041 142

Rev. Fr. Richard Ye Myint
Ph. 0401 552 602

Rev. Fr. Noel Latt
Ph. 0424 741 291

Rev. Fr. Simeon San
Ph. 0411 802 973

## Management Committee Members

| No. | Name | Position | Contact |
|---|---|---|---|
| 1 | Philip Mellican | President | 0414 190 577 |
| 2 | Joseph Harry | Vice-President | 0424 283 842 |
| 3 | Marlene Marcus | Secretary | 0412 855 568 |
| 4 | Lionel Ure | Joint Secretary/ Editor | 0409 876 750 |
| 5 | Monica Trutwein | Treasurer | 0452 588 297 |
| 6 | Noelene Anthony | Coordinator | 0426 826 643 |
| 7 | Maria Thwe The Aye | Joint-ordinator | 0468 732 626 |
| 8 | Noreen Clarke, Anna Ure | Safeguarding Officers | 0433 994 749, 0425 408 544 |
| 9 | Claudia Carrapiett | Member Representatives | 0413 612 352 |
| 10 | Leo Gualnam | Youth Leader | 0469 311 562 |



# FROM THE DESK OF THE PRESIDENT

## BCC ဥက္ကဋ္ဌ၏ ဓမ္မမိတ်ဆွေများအားပန်ကြားလွှာ

ယနေ့တွင် ကျွန်ုပ်တို့သည် မေတ္တာတရားကိုအခြေခံလျက်ဖခင်တစ်ယောက်၏တာဝန်ဝတ္တရားများကိုထမ်းရွက်လျက်ရှိနေကြသော ဖခင်များအားလုံးကိုဂုဏ်ပြုလျက်ဖခင်များနေ့ကို ဝမ်းမြောက်ဝမ်းသာ ကျင်းပကြပါသည်။ သက်ရှိထင်ရှားရှိကြကုန်သော ဖခင်များသာမက ကွယ်လွန်သွားကြပြီဖြစ်သော ဖခင်များအားလုံးအတွက်ပါ မင်္ဂလာနှင့်ပြည့်စုံ၍ ကောင်းကြီးမင်္ဂလာများ ခံစားရသော ဖခင်များနေ့ ဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။ ဖခင်များအားလုံး မိသားစုပေါ်ထားတဲ့သူတို့၏ချစ်ခြင်းမေတ္တာ၊ စွန့်လွှတ်အနစ်နာခံခြင်းများနှင့် လမ်းပြစောင့်ရှောက်ပေးခြင်းများအပေါ် ဘုရားသခင်၏ကောင်းကြီးမင်္ဂလာကျေးဇူးတော်အစဉ်သက်ရောက်ပါစေ။

စက်တင်ဘာလ၏ပွဲတော်နေ့များတွင် “ဘုရား၏မယ်တော်ပွဲနေ့ (Nativity of the Blessed Virgin Mary)(September 8)” ကိုကျင်းပကြသလို “အမိမယ်တော်၏ကြေကွဲဝမ်းနည်းခြင်းပွဲနေ့ (Our Lady of Sorrows)(September 15)” ကိုလည်းရည်စူးထားကြပြီး၊ ဘုရားမယ်တော်သက်တမ်းတစ်လျှောက်ကြုံတွေ့ခံစားခဲ့ရသော ဆင်းရဲဒုက္ခနှင့်ဝမ်းနည်းကြေကွဲမှုများကို ဆင်ခြင်အောက်မေ့ရာလတစ်လလည်း ဖြစ်ပါသည်။ အိန္ဒိယနှင့်မြန်မာနိုင်ငံကဲ့သို့ အာရှနိုင်ငံများတွင် ဤနေ့ကို "ဗေလင်ကန်နီမယ်တော် ပွဲတော်(Our Lady of Good Health/Velankanni Feast)(Aug 29-Sep 15)"ကိုကျင်းပကြလျက် အမိမယ်တော်ထံဆုတောင်းမေတ္တာများနှင့် နိုဗီနာဝတ်ပြုဆုတောင်းမှုများ ပြုလုပ်ခြင်းဖြင့် မယ်တော်ထံ ကျန်းမာခြင်းနှင့် ကြားဝင်တောင်းလျှောက်ခြင်းများပြုလုပ်ကြပါသည်၊

ယနေ့တွင်မူကျွန်ုပ်တို့သည် အတူတကွစိတ်ပုတီးစိတ်ခြင်း၊မစ္စားပူဇော်ခြင်းများဖြင့်စုရုံးလျက်တစ်ဦးနှင့်တစ်ဦး၊ ကျွန်ုပ်တို့မိသားစုများနှင့် ချစ်ခင်ရသူများအတွက်သာမက၊ အထူးသဖြင့် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် မြန်မာနိုင်ငံသူ နိုင်ငံသားများအတွက် အတူတကွ ဆုတောင်းပေးကြပါစို့။

အမိမယ်တော်၏ကြေကွဲဝမ်းနည်းခြင်းနှလုံးတော်မှနေ၍ ဆင်းရဲဒုက္ခရောက်နေသူများနှင့် ကျွန်ုပ်တို့ခပ်သိမ်းအပေါ်သို့ နှစ်သိမ့်ခြင်းကျေးဇူးတော်နှင့် ဘုရားသခင်ထံတော်သို့ ပိုမိုနီးစပ်ဆည်းကပ်နိုင်ဖို့ရန် လမ်းပြတော်မူပါစေ။

The President
The Burmese Catholic Community of WA Inc.

## BURMESE CATHOLIC COMMUNITY FUNDRAISING DINNER AND MUSIC CONCERT

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော မြန်မာကက်သလစ်မိသားစုအသင်း၏ ရန်ပုံငွေညစာစားပွဲနှင့် တေးဂီတဖျော်ဖြေပွဲအောင်မြင်စွာပြီးမြောက်ခဲ့ခြင်းအတွက် ဦးဆောင်တာဝန်ယူခဲ့ကြသူများ၊ ပါဝင်ကူညီခဲ့ကြသူများနှင့် ရက်ရက်ရောရော လှူဒါန်းခဲ့ကြသူများအားလုံးကို BCCအနေဖြင့် အထူးပင်ကျေးဇူးတင်ရှိကြောင်းမှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

ယခုကဲ့သို့ အားလုံး၏ စုပေါင်းကူညီပါဝင်အားထုတ်မှုကြောင့် ထိုင်းဘတ်ငွေ ၄၀၂,၁၃၂ (Thai Bhats 402,132)အထိရှိသော ကြီးမားသည့် ပရဟိတရန်ပုံငွေကို အောင်မြင်စွာ ကောက်ခံရရှိနိုင်ခဲ့သည့်အတွက် အထူးပင် ဝမ်းမြောက်ဂုဏ်ယူမိပါသည်။

ကောက်ခံရရှိခဲ့သော ရန်ပုံငွေများအားလုံးကို မြန်မာ-ထိုင်းနယ်စပ်တစ်လျှောက်ဖြစ်ပွားနေသော ပြည်တွင်းပဋိပက္ခများကြောင့် အိုးအိမ်စွန့်ခွာထွက်ပြေးခဲ့ရ၍အခက်အခဲများနှင့်ရင်ဆိုင်နေရကာ၊ ဒေါက်တာစင်သီယာမောင်၏ စောင့်ရှောက်မှုအောက်ရှိ မဲတောင် (Mae Tao) ဒေသမှာ ခိုလှုံနေကြရသော ခိုကိုးရာမဲ့လျက်ရှိနေကြရသည့်ကလေးငယ်များနှင့် မိသားစုအတွက် လို အပ်ရာကျန်းမာရေးစောင့်ရှောက်မှုများ၊ ပညာရေးနှင့် လူသားချင်းစာနာ ထောက်ထားမှုအကူအညီများအတွက် ပေးပို့လှူဒါန်းလိုက်ပါသည်။


MAE TAO CLINIC

CERTIFICATE OF APPRECIATION

We would like to extend our sincere gratitude to Burmese Catholic Community Perth for contributing 402,132.23 THB towards Health, Education and Protection services for displaced people on the border.

We are deeply thankful for your commitment to our community.

DR. CYNTHIA MAUNG
Director
Mae Tao Clinic

DATE : 3 August 2026

Mae Tao Clinic, a community-based organization located along the Thai-Burma border, provides services to migrant workers, refugees, and individuals from Myanmar who cross the border seeking medical care. Serving over 100,000 patients annually—most of whom have limited or no access to healthcare—the clinic plays a crucial role in the region. Mae Tao Clinic also functions as a regional training hub for healthcare providers, empowering them with medical knowledge and management skills to bring healthcare to their communities. The clinic also runs child protection programs, ensuring thousands of children and youths have safe shelter and access to education.

Mae Tao Clinic | 702 Moo 1, Ban Tha Sai Luat, Mae Sot District, Tak. Thailand 63110. www.maetaoclinic.org

## လေးမျက်နှာမြို့နယ် ရေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကူညီခြင်း

မြန်မာနိုင်ငံ၊ ရောဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုများနှင့် ဧဝန်မြစ်ကမ်းပါး တာတမံကျိုးပေါက်မှုများကြောင့် ဆိုးရွားပြင်းထန်သော ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ရာ၊ လေးမျက်နှာမြို့နယ်နှင့် အနီးတစ်ဝိုက် ဒေသများတွင်လွန်စွာ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ပြီးကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများအပါအဝင် မိသားစုပေါင်းထောင်နှင့်ချီ၍ ပြင်းထန်သော အခက်အခဲများနှင့် ရင်ဆိုင်နေကြရပါသည်။ မိသားစုများစွာမှာ နေအိမ်များနှင့် ပစ္စည်းဥစ္စာများကိုဆုံးရှုံးခဲ့ရပြီး စားနပ်ရိက္ခာ၊ သန့်ရှင်းသော သောက်သုံးရေ၊ ဆေးဝါးများနှင့် အခြားမရှိမဖြစ် လိုအပ်သောပစ္စည်းများကို ရရှိရန် ခက်ခဲပင်ပန်းလျက် ရှိကြပါသည်။

အဆိုပါ ရေဘေးဒဏ်သင့်ပြည်သူများအတွက် အနောက်ဩစတြေးလျမြန်မာကက်သလစ်မိသားစု(BCC) မှ “HELP THE HELPLESS”“အားနည်းသူကိုဖေးမကူ” အလှူငွေကောက်ခံမှုအစီအစဉ်တစ်ရပ်ကို အမြန်ဆောင်ရွက်ခဲ့ပါသည်။

ဓမ္မမိတ်ဆွေများ၏မေတ္တာတရားနှင့် ရက်ရောစွာ လှူဒါန်းပေးမှုများကြောင့် BCC အနေဖြင့် ဤဘေးအန္တရာယ်သင့် ဒေသခံများအား ကူညီနိုင်ရန်အတွက် ဩစတြေးလျဒေါ်လာ (AUD $6,889) ဒေါ်လာ (မြန်မာကျပ်ငွေ ၂၁.၂ သန်း) ကျော်နှင့် ညီမျှသော ရန်ပုံငွေများကို အောင်မြင်စွာ ကောက်ခံရရှိပေးပို့နိုင်ခဲ့ပါသည်။

ဤအရေးပေါ်အလှူငွေကောက်ခံမှု အစီအစဉ် အောင်မြင်စေရန်အတွက် ဦးဆောင်စီစဉ်ဆောင်ရွက်ပေးကြသူများ၊ လုပ်ငန်းစဉ်များကို ဖြည့်ဆည်းကူညီပေးကြသူများ နှင့် ရက်ရက်ရောရော ပါဝင်လှူဒါန်းပေးကြသော အလှူရှင်များအားလုံးကို အထူးပင် ကျေးဇူးတင်ရှိပါကြောင်း လေးစားစွာမှတ်တမ်းတင်အပ်ပါသည်။





လစဉ်အလှူငွေများပေးပို့လှူဒါန်းလျက်ရှိသော တောင်ကြီးမြို့နယ်တွင်း၊ ဘုရားဖြူကျေးရွာ သူငယ်တော်ယေဇူးဘုရားကျောင်းနှင့် မသန်မစွမ်း၊ မျက်မမြင်နှင့် မိဘမဲ့ဂေဟာအတွက် **August 2026** ရရှိ အလှူငွေပေါင်း (A$ 570) (ကျပ် ၁၇ ၀၈ ၀၀၀ တိတိ) ကိုပေးပို့ထားပြီးဖြစ်ပါသည်၊

အလှူငွေများဆက်လက်လက်ခံကာ လစဉ်အမြဲပုံမှန် ပေးပို့ထောက်ပံ့သွားမည်ဖြစ်၍ မစ္စားအပြီးအပြင်ဖက်ကောင်တာရှိ **Aunty Joe** ထံ လှူဒါန်း နိုင်ပါသည်။

## လူငယ်များ၏ ဝိညာဉ်ရေးရာ ဝတ်စောင့်ခြင်း

လူငယ်များ၏တရက်တာဝတ်စောင့်ခြင်းအစီအစဉ်ကို ဇူလိုင် ၁၉၊ ၂၀၂၆တွင် St. Charles seminary တွင် Fr. Francis နှင့် ကိုရင်ကျောင်းသားလေးများ၏ကြိုဆိုကူညီပေးမှုများနှင့် အောင်မြင်စွာကျင်းပနိုင်ခဲ့ပါသည်၊ ဝတ်စောင့်ခြင်းတရက်တာတွင် မစ္စားတရား၊ ဘုန်းတော်ကြီးများ၏ ဝိညာဉ်ရေးရာ ဆွေးနွေးဟောပြောချက်၊ တစ်နာရီကိုယ်တော်မြတ်ဖူးမျှော်ခြင်းတို့နှင့်အတူ လူငယ်များအတူတကွ ဂိမ်းကစားခြင်း၊ အနုပညာလှုပ်ရှားမှုများ ပါဝင်ခဲ့ကြပြီး၊ လူငယ် ၃၀ ကျော် တက်ရောက်ပါဝင်ကြလျက်မိဘများနှင့်အတူ အမာခံ BCC EC များမှလည်း အင်တိုက်အားတိုက် ကူညီပံ့ပိုးခဲ့ခြင်းကို အထူးကျေးဇူးတင်ပါသည်၊

Sr. Win and BCCY🙏🙏

## မစ္စားတရားတော်အတွင်း ဆုတောင်းမေတ္တာတောင်းခံခြင်း

BCC၏လစဉ်မစ္စားတရားတော်အတွင်းတွင် ထိုတလတာအတွင်းကျရောက်သောမွေးနေ့ရှင်များ၊ မင်္ဂလာနှစ်ပတ်လည်များအတွက် အမြဲဆုတောင်းပေးလျက်ရှိပါသည်။

ထို့အပြင် ကွယ်လွန်သွားခဲ့ကြသူများ၏ဝိညာဉ်များအတွက်လည်း အမြဲထည့်သွင်းဆုတောင်းပေးပါသည်။

ဓမ္မမိတ်ဆွေများအနေနှင့် မစ္စားတရားတော်အတွင်းဆုတောင်းပေးလိုသည့်များရှိပါက BCCတာဝန်ခံများထံ ကြိုတင်ဆက်သွယ် တောင်းခံနိုင်သလို မြန်မာကက်သလစ်သတင်းစာစောင် BCC Newsletter အတွင်း အမည်များဖြင့်ထည့်သွင်းဖေါ်ပြဆုတောင်းလိုပါကလည်း Editor တာဝန်ခံ (mobile-0409 876 750)ထံဆက်သွယ်နိုင်ပါသည်။

## ယခုလ အစားအသောက်အလှူရှင်

ယခုလမစ္စားတော်မြတ်အပြီး အကျွေးအမွေးအတွက် အမည်မဖေါ်အလှူရှင်တစ်ဦး၏မတည်ငွေနှင့်အတူ မြန်မာကက်သလစ်မိသားစုအသင်း BCC၏ရန်ပုံငွေမှ လိုအပ်သည်များကိုထပ်မံထောက်ပံ့ကာ လှူဒါန်းကျွေးမွေးခြင်းဖြစ်ပါသည်။

## October မြန်မာမစ္စားတော်မြတ်အစီအစဉ်

နောက်လသည် အမိမယ်တော်အားအထူးသဒ္ဒါကြည်ညိုသော စိတ်ပုတီး၏ မယ်တော်လဖြစ်သည်နှင့်အညီ (အောက်တိုဘာ လ ၄ ရက်နေ့) မြန်မာမစ္စားတော် သည် မယ်တော်အားအထူးကြည်ညိုဆုတောင်းသွားပါမည်။

ခါတိုင်းလစဉ်အစီအစဉ်အတိုင်း ညနေ ၄း၃၀အချိန်တွင် စိတ်ပုတီးစိတ်ခြင်း၊ နိုဗီနာဆုတောင်းခြင်းများဖြင့်စတင်ပြီးနောက် မစ္စားတော်မြတ် ဆက်လက်ပူဇော်သွား ပါမည်။ ဘာသာသူအိမ်များသို့ အပတ်စဉ်လှည့်လည်လျက်ရှိသော မယ်တော်ဆင်းတု တော်ကိုလည်းမစ္စားတော်မြတ်အတွင်း ဆုတောင်းဝတ်ပြုနိုင်ဖို့ရန်ထားရှိပါမည်။

နောက်လမစ္စားတော်မြတ်အပြီး အစားအသောက်အတွက် အလှူရှင်တစ်ဦး ၏ မတည်ငွေ စတင်ရရှိခဲ့ပြီးဖြစ်ပြီး မိမိတို့အနေနှင့်ပါဝင်လှူဒါန်းလိုပါက BCCတာဝန်ခံများထံဆက်သွယ်လှူဒါန်းနိုင်ပါသည်။

